ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၀၀၈ /၂၀၂၀
ရက်စွဲ၊၂၀၂၀ – ပြည့်နှစ်၊ မတ်လ (၁၉) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၁၁-၃-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး-၂) (၄၂၃၃) / ၂၀၂၀

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၂-၃-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/၂၀၂၀ /(၁၀၅)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P) သည် Shwe Phase 2 Development Project အရ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi-submersible rig "OCEAN MONARCH" (Call Sign: V7IY3) ရေယာဉ်ဖြင့် (၆.၄.၂၀၂၀) ရက်နေ့မှ (၆.၁.၂၀၂၂) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Drilling Campaign လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 51' 14.86" N | 92° 20' 20.47" E |
| B | 19° 55' 21.15" N | 92° 33' 06.40" E |
| C | 19° 30' 13.95" N | 92° 28' 40.43" E |
| D | 19° 34' 38.84" N | 92° 41' 07.44" E |

၃။ သို့ဖြစ်ပါ၍ (၆.၄.၂၀၂၀) ရက်နေ့မှ (၆.၁.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ

၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
အောင်မြင့်မိုး-ဒုတိယညွှန်ကြားရေးမှူး(SSE)